# August 30 1963

အမှတ်စဉ် (၄)

TIME INTERNATIONAL MAGAZINE

## ဆိုရှယ်လစ်လမ်းစဉ် နှင့် ကမောက်ကမများ

ယခုအခါ တကမ္ဘာလုံးရဲ့ အာရုံစူးစိုက်မှုဟာ တောင်ဗီယက်နမ်ပေါ်ကျရောက်နေစဉ်အတွင်း အခြား အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံကတော့ မကောင်းတဲ့အနေအထားကနေ ပျက်စီးယို့ယွင်းတော့မယ့် အခြေအနေကို တိတ်တဆိတ် ရွေ့လျှားလျှက်ရှိနေပါတယ်။

မြန်မာပြည်ရဲ့ စီးပွားရေးဟာဖြင့် လည်ပါတ်မှုမရှိတော့ပဲ တန့်နေသယောင်ယောင်ဖြစ်နေတယ်လို့ပြောလို့ရပါတယ်၊ ဈေးငွေကလည်း နတ္တိ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကသုံညအနေအထားမှာရောက်နေပါတယ်။ အစီက ကတော့ အာဏာရှင် နေဝင်းက နေချင်းညချင်း ဆိုရှယ်လစ်နိုင်ငံဖြစ်ရမယ်လို့တတွတ်တွတ်ရေရွတ်နေလို့ဖြစ်ပါတယ်။

မြန်မာပြည်ဟာ၊ တရုပ်နီနဲ့ဆို မိုင်ပေါင်း ၁၃၇၀ လောက်နယ်နမိတ်ချင်းယှက်နေပြီး၊အများစုက တောင်တန်းတွေဖြစ်ပါတယ်၊ “ကွန်မြူနစ်စနစ်နဲ့ ဒီလောက်ကပ်နေလျှက်က ဆိုရှယ်လစ်ဝါဒ ကျင့်သုံးတယ်ဆိုတာ၊ တိုင်ဖွန်းမုန်းတိုင်းကျနေတုံး၊ ကြိုးတန်းပေါ်လမ်းရှောက်နေသလိုပါပဲ” ဟု အရှေ့ဥရောပ သံတမာန်တစ်ဦးက ပြောပါတယ်။

နိုင်ငံခြားရေးမှာ့ နေဝင်းကခုထိတော့ ကြိုးတန်းပေါ်ကပြုတ်မကျသေးပါဘူး၊ ကြားနေဝါဒကိုတော့ထိမ်းသိမ်းထားတုံးပါ။ သူ့ရဲ့ ကြားနေဝါဒဆိုတာကတော့၊ အမေရိကန်ကိုအနည်းငယ် ရန်လိုတဲ့သဘောဆောင်ပြီး၊တရုတ်နဲ့ တော့ချစ်ကြည်မှုရကါ(သို့သော်လည်း ပီကင်းက အိန္ဒိယအား တိုက်ခိုက်မှုမှာတော့ထောက်ခံခြင်းမရှိပါဘူး)၊ မော်စကို ကိုတော့ပိုမိုလိုလားတဲ့သဘောရှိပါတယ်။ အကူအညီကျတော့ ၃ နိုင်ငံစလုံးက ယူပါတယ်။ ဒါပေမယ့် ပြည်တွင်းမှာတော့ဖြင် မုန်တိုင်းကစတင်လို့ မွှေနှောက်နေပါပြီ။

## ပြည်သူပိုင်သိမ်း

စိတ်မာန်တက်ကြွနေတဲ့ အာဏာရှင်နေဝင်းဟာ၊ တရုပ်သွေး နှောသူဖြစ်ပါတယ်၊ ၁၉၅၈ တုံးက၊ သူဟာ၊ ပါလီမာန်ကို ဖိအားပေးပြီး၊ အဲ့သည့်တုံးက၊ လူကြိုက်များပေမယ့် စိတ်ကူးယဉ်ပြီး၊ စွမ်းဆောင်ရည်ကင်းတဲ့ ဝန်ကြီးချုပ်ဦးနုနေရာမှာ၊ သူ့ကို ဝန်ကြီးချုပ်အဖြစ် တင်မြှောက်ခိုင်းခဲ့ပါတယ်။ နိုင်ငံကို ၁၇ လ ကြာ အုပ်ချုပ်ပြီးတဲ့နောက်၊ ရွေးကောက်ပွဲ ကျင်းပဘို့ကို ခွင့်ပြုခဲ့ပါတယ်။ ဦးနုဟာ၊ အလွယ်တကူအောင်ပွဲရခဲ့ပေမယ့်၊ အုပ်ချုပ်ရေးပိုင်းမှာတော့၊ အယင်ကထက် ပိုပြီး ဆိုးလာတာတွေခဲ့ရပါတယ်။ ၁၉၆၂ မတ်လမှာ၊ နေဝင်း

က ဦးနုနဲ့ သူ့ ကက်ဘိနက်တစ်ဖွဲ့လုံးလိုလိုလောက်ကို၊ ထောင်ထဲထည့်ပြီး ပါလီမာန်ကို ဖျက်သိမ်းခဲ့ပါတယ်။ ဆင်ဆာစနစ်ကို ပြဋ္ဌာန်းပြီး၊ စစ်တပ်အရာရှိများနဲ့ ၁၇ ဦးပါရှိတယ့် တော်လှန်ရေးကောင်စီကိုဖွဲ့စည်းလိုက်ပါတယ်။

ဘာကိုမှ ကြိုတင်ပြင်ဆင်မှုမရှိပဲ သူ မလုပ်ခဲ့ပါဘူး၊ သူကိုယ်တိုင် တော်လှန်ရေးကောင်စီဥက္ကဋ္ဌ၊ သမတ ၊ ကာကွယ်ရေး၊ ဘဏ္ဍာရေး နဲ့ အခွန်ဝန်ကြီး အဖြစ်ဆောင်ရွက်ပါတယ်။ ဒ့ါအပြင် လာဘ်ပေးလာဘ်ယူမှုတွေနဲ့ ပြည့်နှက်နေတဲ့ တရားစီရင်ရေးစနစ်ကိုလည်း ဖျက်သိမ်းပြီး၊ စစ်ခုံရုံးများနဲ့ အစားထိုးကာ၊ သူကိုယ်တိုင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပါတယ်။

ဘာသာရေးအထူးကိုင်းရှိုင်းတဲ့ ဦးနုကတော့၊ အကျယ်ချုပ်နဲ့ရှိနေပြီး၊ တရားထိုင်ပုတီးစိတ်ခြင်း ဖြင့် အချိန်ကုန်လွန်စေးကါ၊ သူအရမ်းဝါသနာပါတဲ့ ဖေ3င်ကိန်းခန်းများကိုလေ့လာနေကောင်း နေလိမ့်မယ်လို့ယူဆရပါတယ်။

နေဝင်းကလည်း ဝေ့ဝေ့ဝါးဝါးနိုင်လှတဲ့ “မြန်မာ့နည်းမြန်မာ့ဟန်ဖြင့်ဆိုရှယ်လစ်လမ်းစဉ်သို့” ဆိုတဲ့ ကြေငြာစာတမ်းကိုထုတ်ပြန်ခဲ့ပါတယ်၊ တဆက်တည်း စက်မှုလုပ်ငန်းများပြည်သူပိုင်သိမ်း စုပေါင်းလယ်ယာများဖန်တီး၊ နိုင်ငံခြားကုန်သွယ်ရေးကိုလုံးဝဥဿုံထိန်းချုပ်ခြင်းစတာတွေပြုလုပ်ခဲ့ ပါတယ်။ စနေနေ့တစ်နေ့ခင်းတည်းမှာတင်၊ နိုင်ငံတွင်းရှိ ပြည်တွင်း၊ပြည်ပပိုင် ဘဏ်ပေါင်း ၂၄ခုကို သိမ်းဆည်းခဲ့ပါတယ်။ ဗြိတိန်ရဲ့အရှိန်အဝါကြီးမားလှတဲ့ လွိုက်(ချ်)ဘဏ်ကြီးကို ပြည်သူ့ဘဏ် အမှတ် ၁၉ အဖြစ် အမည်ပြောင်းလိုက်ယုံတင်မက၊ တရုတ်နီပိုင် ဘဏ် ၂ခုလည်းအလားတူ ခံလိုက်ရတာကြောင့်၊ ရန်ကုန်ရှိ ကွန်မြူနစ်ဝါ3 ဖြန့်ချီရေးစက်ယန္တရားကြီး အရှိန်ကောင်းကောင်း နဲ့လည်ပါတ်သွားစေခဲ့ပါတယ်။

စက်မှုထုတ်ကုန်ပမာဏဟာ ၃လအတွင်းမှာတင် ၄၀ ရာနှုန်းလောက်ကျဆင်းသွားပြီး၊ မြို့ပြ အလုပ်လက်မဲ့ဦးရေဟာ လည်းမြင့်တက်လာခဲ့ပါတယ်။ ကျန်ရှိတဲ့ ပုဂ္ဂလိက ကုမဏ္ဍီ အနည်း ငယ်ကလည်း ပြည်သူပိုင်ပြုလုပ်ခံရဘို့၊ သူ့ထက်ငါအလုအယက်တောင်းဆိုလာကြပါတယ်၊ သူတို့အနေနဲ့က ကုန်ကြမ်းများခွဲတမ်းချပေးတဲ့အခါမှာ၊ အခွင့်အရေးပိုပိုသာသာရရှိဘို့နဲ့ အလုပ်သမားဆန္ဒပြမှုတွေကနေ အကာအကွယ်ရမလားဆိုတဲ့ မျှော်လင့်ချက်တွေနဲ့ပါ။ ပြီးခဲ့တဲ့အပါတ်ကဆိုရင် နေဝင်းက ပြည်သူပိုင်အသိမ်းခံရရေးအသနားခံလွှာတွေကို နောက်ထပ်လက် မခံတော့ဘူး လို့ ငြင်းလိုက်ရတဲ့အထိပါ၊ ဘာလို့လည်းဆိုတော့ အဲ့သည့်လုပ်ငန်းတွေကိုအုပ်ချုပ် လည်ပါတ်နိုင်ဘို့ လေ့ကျင့်ပြီးသားဖြစ်တဲ့ အုပ်ချုပ်ရေးမှူးတွေ သူ့မှာအနည်းငယ်ပဲရှိနေသေး တာကြောင့်ပါ။ အယင်တုံးကဆို ပုဂ္ဂလိကအလုပ်ရှင်တွေကို၊ ဆန္ဒပြသပိတ်မှောက်ကြဘို့ကို အစိုးရက အလုပ်သမားတွေကို တိုက်တွန်းခဲ့ပေမယ့်၊ နိုင်ငံပိုင်ဖြစ်လာတဲ့အခါ၊ သပိတ်မှောက် တာတွေကို မျိုးချစ်စိတ်မဲ့သောလုပ်ရပ်အဖြစ်သဘောထားလာပါတယ်။ စီးပွားရေးသမားတွေကို စိတ်ကျေနပ်အောင်လုပ်တဲ့အနေနဲ့ လွန်ခဲ့တဲ့အပါတ်က နေဝင်းက လုပ်ခတောင်းဆိုမှုတွေကို လျှော့လျှော့ပေ့ါပေ့ါ လုပ်ကြဘို့အလုပ်သမားတွေကို တိုက်တွန်းခဲ့ပါတယ်၊ 3ါပေမယ့် အချိန်က

နှောင်းသွားခဲ့ပါတယ်။

## သောင်းကျန်းမှု

စီးပွားရေးမှာ အဲ့သည်လို ခနော်ခနဲ့ဖြစ်နေစဉ်အတွင်း၊ နေဝင်းက အမျိုးသားညီညွတ်မှုရရှိရေးအတွက် အတိုင်းအတာတစ်ခုလောက်ထိတော့ သူကြိုးပမ်းဆောင်ရွက်နေတာတွေ့ရပါတယ်။ သူရဲ့ အင်အား ၅ သောင်းလောက်ရှိပြီး၊ တိုက်ရည်ခိုက်ရည်အတော်အသင့်ပြည့်ဝတဲ့ စစ်တပ်က၊ အစိကမြို့ကြီးတွေနဲ့ နိုင်ငံရဲ့ ၅၀ ရာနှုန်းလောက်ထိန်းချုပ်ထားပါတယ်။ ၃၅ ရာနှုန်းလောက်က လူနေထိုင်လို့မရတဲ့ဒေသတွေ ဖြစ်ပြီး၊ ကျန်တဲ့ ၁၅ရာနှုန်းလောက်ကို သောင်းကျန်းသူတွေရဲ့လက်ထဲမှာရှိပါတယ်။ သောင်းကျန်းသူ တွေထဲမှာ၊ ရှမ်း၊ကရင်၊ကချင်စတဲ့လူမျိုးစုသူပုန်တွေအပြင်၊ ကွန်မြူနစ်သောင်းကျန်းသူ အုပ်စုကြီး ၂ စု ရှိပါတယ်၊ ၄င်းတို့ကတော့ ထရော်စကီး အလံနီအဖွဲ့နဲ့ ပိုမိုအင်အားကြီးတဲ့ အလံဖြူကွန်မြူနစ်အဖွဲ့ တွေပါ။ အလံဖြူထဲမှာတင် စတာလင်ဝါဒီတွေရယ်၊ ပြန်လည်ပြင်ဆင်ရေးသမားတွေရယ်နဲ့ အပိုင်းပိုင်း ကွဲနေပါသေးတယ်။ ဒါ့အပြင် လွန်ခဲ့တဲ့နှစ်အတော်ကြာက တရုတ်ပြည်မကြီးကထွက်ပြေးလာကြတဲ့ ရာပေါင်းများစွာသော တရုပ်ဖြူလို့ခေါ်တဲ့ တရုတ်အမျိုးသားရေး တပ်က စစ်သားတွေရှိပါသေးတယ်၊ သုတို့က အုပ်စုတွေဖွဲ့ပြီး စါးပြတွေလိုလုယက်တိုက်ခိုက်နေကြတာပါ။

အရင်မြန်မာအစိုးရတွေက သူပုန်တွေကိုလွတ်ငြိမ်းချမ်းသာခွင့်တွေပေးခဲ့ပေမယ့်လည်း အချည်းနှီးပါ။ နေဝင်းကတော့ သည့်ထက်မကတဆင့်တိုးလုပ်ခဲ့ပါတယ်။ ရန်ကုန်မှာဆွေးနွေးပွဲတွေ တက်နိုင်ဘို့ သူပုန် ခေါင်းဆောင်တွေကိုလုံခြုံစွာ ခရီးသွားခွင့်ပေးခဲ့ပါတယ်။ အလံနီခေါင်းဆောင် သခင်စိုးက ဒါကိုလက်ခံခဲ့ ပါတယ်။ သူ့ကို စစ်သင်္ဘောနဲ့မြစ်ကြောင်းအတိုင်း၊ အစိုးရလေယာဉ်ကွင်းတစ်ခုကိုခေါ်လာပြီး၊ အဲ့သည် ကမှ၊ ရန်ကုန်ကိုလေယာဉ်နဲ့ခေါ်လာခဲ့ပါတယ်။ သူကရန်ကုန်ရောက်လျှင်ရောက်ချင်း အချက် ၃ ချက်ကို တောင်းဆိုခဲ့ပါတယ်။ အဲ့တာတွေကတော့၊ (၁) တနိုင်ငံလုံးအပြစ်အခတ်ရပ်စဲရန် (၂) အစိုးရတပ်တွေကို အရေးပါတဲ့အလံနီနယ်မြေများမှရုတ်သိမ်းပေးရန်၊(၃)အစိုးရအသစ်ဖွဲ့နိုင်ရန်၊ဥပဒေဘောင်အတွင်းရော၊ အပြင်မှာပါရှိတဲ့ နိုင်ငံရေးပါတီတွေအားလုံးတွေ့ဆုံဆွေးနွေးကြရန်တို့ဖြစ်ပါတယ်။ ဒီတောင်းဆိုချက်တွေ ကြောင့်နောက်တွံသွားတဲ့ နေဝင်းက သခင်စိုးကို ရိုးသားမှုမရှိဘူးလို့ရှုတ်ချပြီး၊ ၄င်းခိုအောင်းရာ တောထဲသို့ ၇ ရက်အတွင်းအရောက်ပြန်ဆိုပြီး လွတ်ငြိမ်းခွင့်ပေးလိုက်ပါတယ်။

## အတိုက်အခံများ

နေဝင်းက ရိုးသားမှုရှိပြီး၊ အလုပ်ကြိုးစားသူတစ်ယောက်ဖြစ်တယ်ဆိုတာတော့ ဝန်ခံကြရမှာဖြစ်သော် လည်းပဲ၊ ပေါ့ပေါ့နေပေါ့ပေါ့စား သဘောရှိတဲ့ မြန်မာလူမျိုးတွေကတော့၊ ဦးနုရဲ့ အလကားအစိုးရအဖွဲ့ ဟောင်းကိုတမ်းတနေကြဆဲပါ၊ လမ်းတွေပေါ်မှာ၊ ဦးနုရဲ့ စိတ်ပုံက နေဝင်းထက်စာရင်အများကြီး အရောင်းရသွက်နေဆဲပါ။ အတိုက်အခံခေါင်းဆောင်တစ်ဦး ဖြစ်တဲ့ ဦးဘဆွေက "တိုင်းပြည်ချောက် ကမ်းပါးထဲ ကျတော့မှာဖြစ်လို့ တိုင်းပြည်အကျိုးအတွက် နောက်ပြန်ဆုတ်ဘို့" နေဝင်းကိုတိုက်တွန်း ခဲ့ပါတယ်၊ အမေရိကန် သံအမတ်ဟောင်း ဦးဝင်း က ပါလီမာန်စနစ်ပြန်လည်ထားရှိ ဘို့ကို တောင်းဆို လိုက်ပါတယ်။ အဲ့သည့် ၂ဦး နှင့် နေ့ချင်းညချင်းဆိုရှယ်လစ်စနစ်ကို ဆန့်ကျင်ကြတဲ့ အခြား ၆ဦးကို "ထိမ်းသိမ်းကာကွယ်စောင့်ရှောက်ထားရေး" အစီအစဉ်အရဆိုပြီး ဆွဲသွားပါတယ်။

ထိတ်လန့်ကြောက်ရွံ့နေတဲ့ နေဝင်းဟာ၊ မကြာခဏ ဆိုသလို ပစ္စတိုသေနတ်ကို ကိုင်ဆောင်လေ့ရှိပြီး၊ လေယာဉ်ပြစ်အမြောက်တွေကိုလည်း အစိုးရအိမ်တော်နားမှာ၊ အရံသင့်ထား ထားပါတယ်။ သူ့ရဲ့အစိုးရကို ဆန့်ကျင်မှုတွေဟာ၊ တနိုင်ငံလုံးအတိုင်းအတာအရ ကြီးမားကျယ်ပြန့်သော်လည်း၊ စစ်တပ်တစ်တပ်လုံးကတော့ သူနဲ့အတူရှိနေဆဲပါ။

နေဝင်းက သူ့ရဲ့အကျင့်အတိုင်း၊ အခက်အခဲတွေနဲ့ ကြုံတွေ့လာရင် မသိမသာလမ်းကြောင်းပြောင်းလေ့ရှိပါတယ်။ လယ်သမားတွေကို နှစ်သိမ့်တဲ့အနေနဲ့ ဆန်စပါးထိန်းချုပ်မှုကို ယာယီ ရပ်ဆည်းလိုက်ပြီး၊ ရန်ကုန်တက္ကသိုလ်မှာ၊ ကျောင်းသားသမဂ္ဂအဆောက်အအုံအသစ်ဆောက်လုပ်ပေးဘို့ကမ်းလှမ်းခဲ့ပါတယ် (၁၉၆၂ ဂျူလိုင်လ က ကျောင်းသားအရေးအခင်းမှာ သမဂ္ဂအဆောက်အဦးကို ဗုံးခွဲဖျက်ဆီးခဲ့တာပါ)၊ ဒါ့အပြင် အစိုးရအဖွဲ့က ချမှတ်ထားတဲ့ အစီအစဉ်တွေကို "ပြန်လည်သုံးသပ်ပြီးတိုးတက်အောင်ဆောင်ရွက်ရေး" အတွက် အုပ်ချုပ်ရေးမှူးတွေကို ညီလာခံ ခေါ်ယူခဲ့ပါတယ်။

နေဝင်းက သူဟာ လုံးဝအာဏာရှင်မဟုတ်ပါဘူး ဆိုတာပြသလိုတဲ့အနေနဲ့ ယွှင်ဝန်ကြီးဟောင်း ၃ဦးကို အကျယ်ချုပ်မှ ပြန်လွှတ်ပေးခဲ့ပါတယ်။ ရန်ကုန်မှာရှိတဲ့ ပညာရေးဘက်ဆိုင်ရာ အရာရှိတစ်ဦးက ရှင်းပြရာမှာ " ကျွန်တော်တို့နိုင်ငံမှာ အစားအသောက်အလျှံပါယ်ပေါများနေတာရယ်နဲ့ လူတွေရဲ့ ဘာသိဘာသာ ဆိတ်ဆိတ်နေတတ်တာတွေကို၊ ထည့်သွင်းစဉ်းစားလို့ရှိရင် တစုံတယောက်အဖို့ မြန်မာပြည်ကို ၁၀ စုနှစ်တစ်ခုလောက်တော့ လူတွေဒေါသ တကယ်ထွက်မလာမီ မတော်မတရား အုပ်ချုပ်လို့ရနိုင်ပါတယ်။" လို့ ဆိုပါတယ်။